# မြန်မာ-ဆိုင်ကလုန်းမိုခါ

## အရေးပေါ်သတင်းအချက်အလက် အမှတ်စဉ် (၁၀)

*၁၄:၀၀ ၂၃ မေ၊ ၂၀၂၃*

## အဓိကအချက်အလက်များ

- မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှု အသိုင်းအဝိုင်းသည် မေလ ၁၄ ရက်နေ့က နိုင်ငံအနောက်ပိုင်းကို ထိခိုက်ပျက်စီးစေခဲ့သည့် ဆိုင်ကလုန်း မိုခါမုန်တိုင်းဒဏ် ခံရသော လူဦးရေ ၁.၆ သန်းအား အကူအညီပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၃၃၃ သန်း လိုအပ်သည့် အရေးပေါ်ရန်ပုံငွေအဆိုပြုလွှာကို ထုတ်ပြန်ခဲ့ပါသည်။
- မုန်တိုင်းဒဏ်အပြင်းထန်ဆုံးခံခဲ့ရသည့် ဒေသများရှိ ထိခိုက်လွယ်သူများကို ပံ့ပိုးပေးနိုင်ရေးအတွက် ရန်ပုံငွေအမြန်ဆုံးရရှိရန် အရေးကြီးပြီး၊ အကူအညီ ဖြန့်ဝေမှုများ ဆောင်ရွက်နိုင်ရန် သွားလာခွင့်များ ထပ်မံရရှိရေးနှင့် မရှိမဖြစ်လို အပ်သော ထောက်ပံ့ရေးပစ္စည်းများအား သယ်ယူပို့ဆောင်ရေးအတွက် လွယ်ကူ ချောမွေ့စေရန် ပေါင်းစပ်ညှိနှိုင်းမှုများကို လုပ်ဆောင်လျက်ရှိပါသည်။
- ဆိုင်ကလုန်းမုန်တိုင်းကြောင့် ကမ်းရိုးတန်းဒေသများ ပျက်စီးခဲ့ရပြီး၊ ယခင်က ပင် ထိခိုက်လွယ်ပြီးဖြစ်သည့် ပြည်သူသိန်းပေါင်းများစွာကို မုတ်သုံရာသီ ဝင်ရောက်လာချိန်တွင် ခိုလှုံစရာနေရာမရှိတော့သည့် အခြေအနေသို့ ရောက် စေခဲ့သည်။



ကချောင်းကျေးရွာရှိ ဆိုင်ကလုန်းဒဏ်ခံ နေအိမ်ကို ပြုပြင်နေသည့် အမျိုးသားများ။ ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ်၊ ဓာတ်ပုံ - OCHA

- လူသားချင်းစာနာမှုအသိုင်းအဝိုင်းသည် ထိခိုက်ခံစားရသောရပ်ရွာများ အားလုံး တွင် ဘေးကင်းလုံခြုံသော မိုးခိုရာနေရာများပေးအပ်ရန်နှင့် ရေကြောင့်ဖြစ်သော ရောဂါပျံ့နှံ့မှုကိုတားဆီးရန် အချိန်နှင့်အမျှ အားထုတ်ကြိုးပမ်းလျက်ရှိသည်။
- စိုးရိမ်ခဲ့ကြသည့်အတိုင်းပင်၊ မသန့်ရှင်းသောရေအရင်းအမြစ်များကြောင့် ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောဖြစ်နေကြောင်း ရပ်ရွာဒေသခံများက တင်ပြ လာကြသည်။ ထို့အပြင် ဆိုင်ကလုန်းမုန်တိုင်းအပြီးတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ ပြတ်တောက်သွားကာ ထိခိုက်လွယ် သော ကလေးများအတွက် ထောက်ပံ့ကူညီမှုများ ပိုမိုလိုအပ်လာပါသည်။
- ဘေးဒဏ်သင့်ဒေသများတွင် မြေမြှုပ်မိုင်းနှင့်ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ ပျံ့နှံ့နေသည့် အန္တရာယ်များနှင့် ပတ်သက်၍ စိုးရိမ်မှုများ တိုးပွား လာပါသည်။
- ဘေးဒဏ်သင့်ပြည်သူများထံသို့ ဆက်သွယ်သွားလာနိုင်သော လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ထိခိုက်ခံစားရသူများထံ စားနပ်ရိက္ခာ အကူအညီအပါအဝင် အရေးကြီးသော အသက်ကယ်ဆယ်ရေးအကူအညီများ ပံ့ပိုးပေးနိုင်ရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။
- ရခိုင်ပြည်နယ်၊ အနောက်မြောက်ပိုင်းဒေသနှင့် ကချင်ပြည်နယ်တို့ရှိ မြို့နယ်အသီးသီးတွင် ကွင်းဆင်းလေ့လာစောင့်ကြည့်မှုများကို ပြုလုပ်နေပြီး၊ လုပ်ငန်း ဆောင်ရွက်ခွင့်ရသည့်နေရာများတွင် တုံ့ပြန်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များကို ပံ့ပိုးပေးနေသည်။
- နေပြည်တော်တွင် ဆွေးနွေးမှုများအပေါ် အခြေခံ၍ လူသားချင်းစာနာမှုအဖွဲ့အစည်းများက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ထိခိုက်ခံ လူမှုအသိုင်းအဝိုင်း အားလုံးကို ပံ့ပိုးပေးရန်အတွက် အသင့်ပြင်ဆင်ထားသည့် နှစ်ပတ်ကြာ ဖြန့်ဖြူးရေးအစီအစဉ်အသေးစိတ်ကို အတည်ပြုချက်ရရှိရန် မျှဝေထားပြီးဖြစ်သည်။

## အခြေအနေသုံးသပ်ချက်


လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများသည် စစ်တွေမြို့ရှိစေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းလျက် ဘေးဒဏ်သင့် ဒေသများတွင် အပျက်အစီးများ ရှင်းလင်းရေးနှင့် သန့်ရှင်းရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဆက်သွယ်ရေးစနစ်များ ပိုမိုတည်ငြိမ်လာသော်လည်း အထူးသဖြင့် အပြင်းထန်ဆုံး တိုက်ခတ်ခံရသည့် စစ်တွေနှင့် ရသေ့တောင်မြို့နယ်များတွင် ဝန်ဆောင်မှုများ အပြည့်အဝပြန်လည်ရရှိရန် အချိန်ယူရဦးမည်ဖြစ်သည်။ အနောက်မြောက်ပိုင်း ဒေသ (ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း) တွင် သွားလာခွင့်ဆိုင်ရာ အခက်အခဲများ၊ ဆက်လက်ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် ဆက်သွယ်ရေး ပြဿနာများကြောင့် မြေပြင်ရှိ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များက ပျက်စီးမှုအတိုင်းအတာကို အပြည့်အဝစိစစ်နိုင်စွမ်း မရှိသေးပါ။

ဤကဲ့သို့ အခက်အခဲများရှိနေသော်လည်း၊ လူသားချင်းစာနာမှုဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများသည် ထိခိုက်ခံစားခဲ့ရသူများထံသို့ စားနပ်ရိက္ခာအကူအညီအပါ အဝင် အရေးကြီးသော အသက်ကယ်ဆယ်ရေးအကူအညီများကို အတိုင်းအတာတစ်ခုအထိ အရှိန်မြှင့်တင်ပံ့ပိုးပေးလျက်ရှိသည်။ အရပ်ဘက်အဖွဲ့အစည်း များမှလည်း ၎င်းတို့ကိုယ်တိုင်ထိခိုက်ခဲ့ရသည့်တိုင် အလွန်အရေးကြီးသော အရေးပေါ်လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး လက်ဝယ်ရှိသည့် အရင်း

The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to
Coordinate the global emergency response to save lives and protect people in humanitarian crises.
We advocate for effective and principled humanitarian action by all, for all.
**www.unocha.org**

အမြစ်များနှင့် သွားလာခွင့်ရနိုင်သမျှ ကွင်းဆင်းလေ့လာမှုများကို လုပ်ဆောင်လျက်ရှိသည်။ နေပြည်တော်တွင် ဆွေးနွေးမှုများအပေါ် အခြေခံ၍ လူသားချင်းစာနာမှုအဖွဲ့အစည်းများက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ထိခိုက်ခံစားရသည့် လူမှုအသိုင်းအဝိုင်းအားလုံးကို ထောက်ပံ့ပေးရန်အတွက် ပြင်ဆင်ထားသည့် နှစ်ပတ်ကြာဖြန့်ဖြူးရေးအစီအစဉ်အသေးစိတ်ကို အတည်ပြုချက်ရရှိရန် မျှဝေထားပြီးဖြစ်သည်။ ကယ်ဆယ်ရေးပစ္စည်းများကို နိုင်ငံတွင်းသို့ ပို့ဆောင်နိုင်ရေးအတွက် အခြားအဆိုပြုချက်များစွာကိုလည်း လုပ်ဆောင်နေပါသည်။

ဆိုင်ကလုန်းမိုခါကြောင့် အဆိုးရွားဆုံးထိခိုက်ခံရသောဒေသများမှ မြေမြှုပ်မိုင်းအန္တရာယ်နှင့် ထိခိုက်မှုဆိုင်ရာ အချက်အလက်များကို ကနဦးစိစစ်သုံးသပ်ချက်အရ၊ ၂၀၂၃ ခုနှစ် ပထမသုံးလပတ်အတွက် အစီရင်ခံထားသော မြေမြှုပ်မိုင်းထိခိုက်မှုများအနက် ၆၀ ရာခိုင်နှုန်းသည် ယခုဆိုင်ကလုန်း မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများတွင် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ယင်းတို့အနက် ၉၀ ရာခိုင်နှုန်းသည် တစ်နာရီ ကီလိုမီတာ ၁၂၀ ထက်ကျော်လွန်သော လေတိုက်နှုန်းအမြင့် ဆုံးဇရိယာ (အနီရောင် ဇုန်) မှဖြစ်ကြောင်း မှတ်တမ်းတင် ထားသည်။ (မြေမြှုပ်မိုင်း အထောက်အထားများဖြင့်) မိုင်းအန္တရာယ်မြင့်မားကြောင်း အစီရင်ခံတင်ပြထားသော ကျေးရွာများ၏ ထက်ဝက်နီးပါးသည် ဤအနီရောင် ဇုန်အတွင်းတွင် တည်ရှိသည်။ ထို့အပြင် မိုင်းအန္တရာယ် အနည်းငယ်ရှိနိုင်ကြောင်း အစီရင်ခံတင်ပြထားသော (မြေမြှုပ်မိုင်းသံသယရှိသော) ကျေးရွာများ၏ ထက်ဝက်နီးပါးမှာလည်း အနီရောင်ဇုန်တွင် ရှိနေပါသည်။




ဆိုင်ကလုန်းမိုခါ လမ်းကြောင်းရှိ မြေမြှုပ်မိုင်းကွင်းများ အန္တရာယ်

ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ အထောက်အပံ့များ

အပါအဝင် အရေးကြီးသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို မုန်တိုင်းကြောင့် ရပ်နားခဲ့ရသဖြင့် ရခိုင်ပြည်နယ်ရှိ ကလေးများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလိုအပ်ချက်များ တိုးလာလျက်ရှိသည်။ ပဋိပက္ခများ၊ နေရပ်စွန့်ခွာမှုနှင့် ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံခဲ့ရသော ကလေးသူငယ်များသည် ယခုအခါပို၍ပင်ထိခိုက်လွယ်လာပြီး၊ ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် အန္တရာယ်မှကာကွယ်ရန် အရေးပေါ်အကူအညီများ လိုအပ်နေပြီဖြစ်သည်။ သွားလာရေးအခက်အခဲများနှင့် ယုံကြည်စိတ်ချရသော ဆက်သွယ်ရေးလမ်းကြောင်းများမရှိခြင်းကြောင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းများ၏ ပံ့ပိုးမှုမှာ အကန့်အသတ်ရှိနေသည်။

ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်းများနှင့်မြေမြှုပ်မိုင်းများ၊ ရေမှကူးစက်သော ရောဂါများအပြင် စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ အထောက်အပံ့များနှင့်စပ်လျဉ်းသည့် အသိပညာပေးသတင်းစကားများကို ဘေးဒဏ်သင့်လူမှုအသိုင်းအဝိုင်းများသို့ ဆက်လက် ဖြန့်ဝေလျက်ရှိပါသည်။

## ရခိုင်

### **စစ်တွေ**

- ကွင်းဆင်းလေ့လာချက်များအရ စစ်တွေ၊ အုန်းတောကြီးတောင် ရိုဟင်ဂျာ IDP စခန်းရှိ အိမ်ထောင်စု ၂၃၀၀ နီးပါး၏ မိုးခိုရာနေရာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဈေးများပြန်ဖွင့်ပြီဖြစ်သော်လည်း တာပေါ်လင်ကဲ့သို့သော အမိုးအကာများအတွက် ဈေးများတဟုန်ထိုးတက်နေသည်။ အိမ်ထောင်စုတိုင်းသည် ဒေသခံအာဏာပိုင်များထံမှ ဆန် ၂.၂ ကီလိုဂရမ်ကို လက်ခံရရှိကြောင်း အဆိုပါဒေသရှိ IDP များက တင်ပြထားသည်။ ရွေ့လျားကျန်းမာရေး ဝန်ဆောင်မှုများကို မရရှိနိုင်သေးဘဲ အချို့သော နေရပ်စွန့်ခွာနေရသည့်ပြည်သူများမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ စခန်းရှိ ဦးစားပေးလိုအပ်ချက်များတွင် မိုးခိုရာနေရာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပါဝင်သည်။
- စစ်တွေမြို့ရှိ သက်ကယ်ပြင်ကျေးရွာတွင် အိမ်ထောင်စု ၂၇၀၀ ခန့်သည် အိုးအိမ်များဆုံးရှုံးခဲ့သည်။ စားနပ်ရိက္ခာ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် မိုးခိုရာနေရာများ ဦးစားပေးလိုအပ်လျက်ရှိသည်။ ကျေးရွာဆေးပေးခန်းသည် အခြေခံကျန်းမာရေးဝန်ဆောင်မှုများပေးခြင်းဖြင့် လုပ်ငန်းလည်ပတ်နေသည်။ သက်ကယ်ပြင် (TKP) IDP စခန်းတွင် တစ်အိမ်ထောင်လျှင် ဆန် ၄.၄ ကီလိုဂရမ်နှင့် ကုလားပဲတစ်ဗူးကို ဒေသအာဏာပိုင်များက ဝေငှခဲ့သည်။ စခန်းတွင် ရွေ့လျားကျန်းမာရေးဝန်ဆောင်မှုများကို လက်ရှိတွင် မရနိုင်ပါ။ ကလေးများသည် မသန့်ရှင်းသောရေအရင်းအမြစ်များကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြုံတွေ့နေရကြောင်း ရပ်ရွာဒေသခံများက တင်ပြထားသည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ၊ သောက်ရေတို့နှင့်အတူ တာပေါ်လင်စသည့် ထောက်ပံ့ရေးပစ္စည်းများကို အရေးပေါ်လိုအပ်နေပါသည်။

- ကွင်းဆင်းလေ့လာချက်များအရ မြောက်ဦးမြို့နယ်ရှိ အိမ်အားလုံး၏ ထက်ဝက်ကျော်နှင့် မင်းပြားမြို့နယ်ရှိ နေအိမ်အားလုံး၏ သုံးပုံတစ်ပုံကျော် ယိုယွင်းပျက်စီးခဲ့သည်။ စစ်တွေတွင် အိမ်အားလုံးနီးပါး (၉၇ ရာခိုင်နှုန်းခန့်) ပျက်စီးခဲ့သည်။
- ဆိုင်ကလုန်းမုန်တိုင်းကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးပြီးနောက် စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများကဲ့သို့သော ဘေးလွတ်ရာတွင် ပြောင်းရွှေ့နေထိုင်နေကြရသည်။ WFP က ပြီးခဲ့သည့် သီတင်းပတ်တွင် စစ်တွေမြို့ရှိ ဘေးလွတ်ရာရွှေ့ပြောင်းရေး စခန်းများရှိ လူ ၂,၀၀၀ မှ ၃,၀၀၀ ခန့်အတွက် စားနပ်ရိက္ခာဝေငှခဲ့သည်။ ကွင်းဆင်းလေ့လာတွေ့ရှိချက်များအရ ဘုန်းကြီးကျောင်း ၂ ခုရှိ နေရပ်စွန့်ခွာသူ ၄၀၀ ခန့်သည် နောက်ထပ်သီတင်းတစ်ပတ် ဆက်လက်နေထိုင်ရန် မျှော်လင့်ထားသော်လည်း ယင်းသည် ရေတိုဖြေရှင်းချက်သာဖြစ်သည်။ အမျိုးသမီးများအတွက် အဝတ်အစားများ၊ တစ်ကိုယ်ရေကျန်းမာရေး ပစ္စည်းများနှင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများ လိုအပ်ကြောင်း ဖော်ပြခဲ့ကြသည်။ ထို့အပြင် ရေသန့်အနည်းငယ်သာရရှိနိုင်ပြီး လက်ဆေးခြင်း သို့မဟုတ် ရေချိုးခြင်းကဲ့သို့ အိမ်တွင်းအသုံးပြုရန် မရှိပါ။ ထို့အပြင် ကလေးများအတွက် သီးသန့် အာဟာရအကူအညီများ မရရှိနိုင်ပါ။

## ရသေ့တောင်

- ရသေ့တောင်မြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် အိမ်ထောင်စု အားလုံးနီးပါး ထိခိုက်ခဲ့ကြောင်း ကွင်းဆင်းလေ့လာချက်များအရ သိရသည်။ ဒေသဆိုင်ရာအာဏာပိုင်များ၏ ပြောကြားချက်အရ ဆင်ဖြေဖုံးကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် အမိုးအကာပြုလုပ်ရန် တာပေါ်လင် (အလိပ် ၁၀,၀၀၀ ခန့်) အပါအဝင် သောက်သုံးရေနှင့် စားနပ်ရိက္ခာများလည်း အရေးပေါ်လိုအပ်နေကြောင်း သိရှိရပါသည်။ မုန်တိုင်းကြောင့် ရေကန်များရေလျှံကာ မွေးမြူရေးတိရစ္ဆာန်များ သေဆုံးခဲ့ရသည်။
- မြင်းကန်ချောင်းကျေးရွာတွင် ကန်သုံးကန်ရေမြုပ်ပြီး ရေပြတ်လပ်မှုဖြစ်ပေါ်နေသောကြောင့် သန့်ရှင်းသောမိုးရေစုဆောင်းရန် ရေစုပ်စက်ဖြင့် ရေထုတ်ရန် လိုအပ်နေပါသည်။ လက်ရှိတွင် ရွာသူရွာသားများသည် တောင်ကျရေကို သောက်ရေအဖြစ် အသုံးပြုနေကြရသည်။
- ညောင်ပင်ကြီးကျေးရွာတွင် ရေကြီးရေလျှံမှုမှာ ငါးပေအထိ မြင့်တက်လာကြောင်း ဒေသခံများက တင်ပြခဲ့ပြီး ရေကန်များနှင့် ရေတွင်းများအားလုံး ပျက်စီးခဲ့သည်။ ရပ်ရွာလူထုများသည် ညောင်ပင်ကြီးကျေးရွာနှင့် နှစ်ကီလိုမီတာအကွာတွင်ရှိသော ကချောင်းကျေးရွာတို့မှ ရေကိုရယူနေကြသည်။ ရပ်ရွာတွင် အစားအစာ၊ သောက်ရေ၊ မီးခိုရာနေရာ၊ ရွှေ့လျားဆေးခန်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများကဲ့သို့သော အိမ်သုံးပစ္စည်းများ လိုအပ်နေပါသည်။ ဈေးများတွင် အစားအစာများ ရှားပါးနေမှုကြောင့် ရပ်ရွာလူထုအနေဖြင့် ငွေသားအကူအညီထက် ဆန်ကို လက်ခံရယူလို ကြောင်း သိရသည်။
- ကန်ပြင်ကျေးရွာတွင် အိမ်သာ ၃၀၀ ၏ ထက်ဝက်ခန့် ပျက်စီးခဲ့ပြီး စပါးစိုက်ခင်းအများစု ရေမြုပ်ခဲ့သည်။ မီးခိုရာနေရာ၊ စားနပ်ရိက္ခာ၊ အိမ်သာ၊ ရေနှင့် မီးတို့ အရေးတကြီး လိုအပ်နေပါသည်။
- ကချောင်းကျေးရွာတွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရွာကို ရေငန်ဒဏ်မှကာကွယ်ပေးသည့် တာတမံ ပျက်စီးခဲ့သည်။ စပါးစိုက်ဧက ၂၀၀၀ ကျော် ထိခိုက်မည်ဟု ခန့်မှန်းထားသည်။ ကျေးရွာတွင် စားနပ်ရိက္ခာ၊ မီးခိုရာနေရာ၊ ရေကန်ပြုပြင်ခြင်းနှင့် သန့်ရှင်းရေး၊ ဆေးဝါးများနှင့် အိမ်သုံးပစ္စည်းများကို လိုအပ်သလောက် မရရှိနိုင်သေးသဖြင့် household kits (အိမ်ထောင်စုသုံး ပစ္စည်းစုံ) များ ဦးစားပေးလိုအပ်လျက်ရှိပါသည်။

ယခင်ကပင်ရှိထားသည့် သို့မဟုတ် အသစ်ဝင်ရောက်ခွင့်ရရှိသည့် မိတ်ဖက်အဖွဲ့အစည်းများသည် အောက်ပါတုံ့ပြန်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်-

- WFP သည် မေလ ၂၁ ရက်နေ့အထိ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာ ၃၆ ရွာမှ လူဦးရေပေါင်း ၁၁,၁၇၆ ဦးအတွက် ဆိုင်ကလုန်းတုံ့ပြန်ရေး အရေးပေါ်ဖြန့်ဝေမှုပြီးစီးခဲ့ပြီး၊ ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာ ၃ ရွာမှ လူဦးရေပေါင်း ၅,၀၄၄ ဦးအား ပုံမှန်ကယ်ဆယ်ရေးပစ္စည်းများကို ပေးဝေခဲ့သည်။ အရေးပေါ် ဖြန့်ဝေမှုများကိုလည်း ဆက်လက်လုပ်ဆောင်နေပါသည်။
- မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် အုန်းတောချေစခန်း၊ ခေါင်ဒုတ်ခါး ၁ စခန်း၊ ခေါင်ဒုတ်ခါး ၂ စခန်း၊ စေသမာကြီးစခန်းတို့တွင် စားနပ်ရိက္ခာများ ဝေငှခဲ့ပြီး စစ်တွေမြို့ရှိ စခန်း ၆ ခုတွင် စားနပ်ရိက္ခာဝေငှရန် စီစဉ်လျက်ရှိသည်။
- အာဟာရဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ အဆိုအရ စစ်တွေ၊ ပေါက်တော၊ ဘူးသီးတောင်နှင့် မောင်တောရှိ အာဟာရချို့တဲ့မှုကုသရေးစင်တာ ၁၄ ခုအနက် ၇ ခုသည် ၎င်းတို့၏ ပုံမှန်အာဟာရဝန်ဆောင်မှုများကို ပြန်လည်စတင်နေပြီဖြစ်သည်။ မိတ်ဖက်အဖွဲ့အစည်းများသည် ပျက်စီးသွားသော သို့မဟုတ် ထိခိုက်သွားသောစင်တာများကို ပြုပြင်ရန် စီစဉ်နေကြသည်။ မေလ ၂၂ ရက်နေ့တွင် အသက် ၅ နှစ်အောက် ကလေး ၄၅ ဦးနှင့် မိခင် ၁၀ ဦး တို့ပါဝင်သည့် လူဦးရေ ၅၅ ဦးသည် အာဟာရချို့တဲ့မှုကုသရေး ဝန်ဆောင်မှုများကို ရယူအသုံးပြုခဲ့ကြသည်။ အာဟာရချို့တဲ့မှုရောဂါများ ဆက်လက်ကုသခြင်း၊ အာဟာရပညာ ပေးခြင်းနှင့် မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ တစ်ဦးချင်းစီ ဆွေးနွေးအကြံဉာဏ်ပေးခြင်းတို့ကိုလည်း ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများမှ တစ်ဆင့် လုပ်ဆောင်လျက်ရှိပါသည်။
- ရသေ့တောင်တွင် အဖွဲ့တစ်ဖွဲ့သည် ရခိုင်နှင့် ရိုဟင်ဂျာကျေးရွာများအပြင် ရသေ့တောင်မြို့ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြန်လည် စတင်ခဲ့သည်။
- ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ဆိုင်ကလုန်းဒဏ်သင့်ကျေးရွာများသို့ အားကစားပစ္စည်းများ စုစုပေါင်း ၅၀ စုံပေးအပ်ခဲ့ပါသည်။
- မောင်တောမြို့နယ် အင်းဒင်ကျေးရွာမှ ဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ကလေးငယ်များအား Protection kits သုံးစုံ ပေးအပ်ခဲ့ပါသည်။

- ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ကလေးသူငယ်များ ယာယီပျော်ရွှင်စရာနေရာ (CFS) (၅၀) ခန့်ကို ထူထောင်ခဲ့သည်။ ဆိုင်ကလုန်း မိုခါ မုန်တိုင်းဒဏ်ခံခဲ့ရသော ကလေး စုစုပေါင်း ၅၂၀ (ယောကျ်ားလေး ၂၅၀ နှင့် မိန်းကလေး ၂၇၀) တို့သည် ဤ CFS ၅၀ မှ စိတ္တလူမှုပိုင်းဆိုင်ရာပံ့ပိုးမှု ရရှိခဲ့သည်။
- အရေးပေါ်လိုအပ်ချက်များကို ဖော်ထုတ်ရန် မိတ်ဖက်အဖွဲ့အစည်းများက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဖြစ်စဉ်ပေါင်း ၈၃ ခုခန့်ကို သွားရောက်ကြည့်ရှုခဲ့သည်။ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းအန္တရာယ် အသိပညာပေးခြင်း (EORE)၊ စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ အထောက်အကူ (MHPSS)၊ ဘေးကင်းသောရွှေ့ပြောင်းနေထိုင်မှု၊ ယာယီစောင့်ရှောက်မှုအစီအစဉ်များနှင့် ကျားမအခြေပြုအကြမ်းဖက်မှု (GBV) တို့ကို ကလေးများ၊ အမျိုးသမီးများ၊ ကျေးရွာလူကြီးများ၊ ကျေးရွာဘာသာရေးခေါင်းဆောင်များအပါအဝင် ရပ်ရွာအသိုင်းအဝိုင်း ၅၀၀ ခန့်တွင် မျှဝေခဲ့ပါသည်။
- စစ်တွေမြို့နယ်တွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မရှိမဖြစ် လုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးလျက်ရှိသည်။

## အနောက်မြောက်ဒေသ



ဆိုင်ကလုန်းမိုခါ တိုက်ခတ်စဉ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေတိုက်ခတ်သဖြင့် ပျက်စီးသွားသည့် စိုက်ခင်းများ၊ ပေါက်မြို့နယ်၊ မကွေး။ ဓာတ်ပုံ-မိတ်ဖက်အဖွဲ့အစည်းများ။

- မကွေးတိုင်း ဒေသကြီးအတွင်းရှိ ဒေသခံမိတ်ဖက်များ၏ ကွင်းဆင်းလေ့လာချက်အရ ဆိုင်ကလုန်းမုန်တိုင်းကြောင့် စလင်းမြို့နယ်တွင် အိမ်ခြေ ၈၃ လုံး ပျက်စီးခဲ့ပြီး လူပေါင်း ၁၅,၅၇၀ ကျော် ထိခိုက်ခဲ့သည်။ အဆိုပါ ပြည်သူများအနေဖြင့် မိုးခိုရာနေရာနှင့် သောက်ရေ၊ သုံးရေများ အရေးပေါ် လိုအပ်နေပါသည်။ ဒေသဆိုင်ရာ အာဏာပိုင်များက စားနပ်ရိက္ခာ အနည်းငယ် ပံ့ပိုးပေးသော်လည်း အစားအစာနှင့် အာဟာရဆိုင်ရာ အကူအညီများ ထပ်မံလိုအပ်နေသေးသည်။
- လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် မကွေးတိုင်း ဒေသကြီးရှိ မြို့နယ်အသီးသီးတွင် အောက်ပါအကူအညီများကို စတင်ပေးအပ်လျက်ရှိပါသည်။
    - စလင်းမြို့နယ်ရှိ ကျေးရွာ ၁၂ ရွာတွင် အိမ်ထောင်စု ၆၆၀ သို့ ငွေသားနှင့်အကူအညီများကို ပေးအပ်နေသည်။ ထို့အပြင် တာပေါ်လင်နှင့် ကြိုးများကို အိမ်ထောင်စု ၂၀၀ ထံသို့ ဖြန့်ဝေပေးနေသည်။ ထို့အပြင် စားနပ်ရိက္ခာအကူအညီအတွက် အိမ်ထောင်စု ၂၈၁ စုအား ငွေကြေးဖြန့်ဝေပေးနေကာ၊ ရေတွင်း ၁၀၃ တွင်းကို ပြုပြင်/မွမ်းမံမှုများ ဆောင်ရွက်နေပြီး မြေဧက ၁၀၀၀ စိုက်ပျိုးရန်အတွက် မျိုးစေ့များ ဖြန့်ဝေပေးနေပါသည်။
    - မြိုင်မြို့နယ်ရှိ ကျေးရွာ ၅ ရွာတွင် အိမ်ထောင်စု ၂၂၀ သို့ စားနပ်ရိက္ခာအတွက် ငွေကြေးထောက်ပံ့ပေးနေပြီး၊ ရေတွင်း ၇၈ တွင်းကို ပြုပြင်မွမ်းမံပေးကာ၊ လယ်ယာမြေ ၂၀၄ ဧကအတွက် မျိုးစေ့များ ဖြန့်ဝေပေးနေပါသည်။
    - ပခုက္ကူမြို့နယ်ရှိ ကျေးရွာ ၁၉ ရွာတွင် အိမ်ထောင်စု ၅၄၂ စုသို့ စားနပ်ရိက္ခာအတွက် ငွေကြေးထောက်ပံ့ပေးနေပြီး၊ ရေတွင်း ၁၂၂ တွင်းကို ပြုပြင်မွမ်းမံပေးကာ၊ လယ်ဧက ၅၆၀ ကို စိုက်ပျိုးရန် မျိုးစေ့များ ဖြန့်ဝေပေးနေပါသည်။
    - ဆိပ်ဖြူမြို့နယ်တွင် ရွာပေါင်း ၁၀ ရွာမှ အိမ်ထောင်စု ၂၃၈ စုသို့ စားနပ်ရိက္ခာအတွက် ငွေကြေးထောက်ပံ့ပေးနေပြီး မြေ ၂၃၆ ဧက စိုက်ပျိုးရန်အတွက် မျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိပါသည်။

## ကချင်

- ဝိုင်းမော်မြို့နယ်ရှိ IDP စခန်း ၅ ခုတွင် ဆိုင်ကလုန်းမိုခါကြောင့် အဆောက်အဦ ၂၅၀ ကျော် ပျက်စီးခဲ့ကြောင်း ဒေသခံမိတ်ဖက်အဖွဲ့အစည်းများက အစီရင်ခံပါသည်။ အဆိုပါအဆောက်အဦများတွင် အိမ်ခြေ ၁၄၆ လုံး၊ ယင်လုံအိမ်သာ ၈၂ လုံး၊ ကျောင်း ၃ ကျောင်းနှင့် ဆေးပေးခန်း ၁ ခုတို့ ပါဝင်သည်။ ထို့ကြောင့် IDP ပေါင်း ၄၃၀၀ ဦးအပေါ် သက်ရောက်မှုရှိခဲ့သည်။ ကချင်ပြည်နယ်ရှိ နေရာအားလုံးအနက် ဝိုင်းမော်မြို့နယ်တွင် မေလ ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အပျက်အစီးအများဆုံး ကြုံတွေ့ခဲ့ရသည်။
- လက်ရှိ သွားလာခွင့်ဆိုင်ရာကန့်သတ်ချက်များကြောင့် အဆောက်အဦးများ၏ ပျက်စီးမှုအတိုင်းအတာအပြည့်အစုံကို မသိရသေးပါ။
- မန်စီမြို့နယ်၊ မိုင်းကုန်း၊ ဝထန်း၊ ကျင်းမနှင့် အောင်နန်းကျေးရွာများတွင် မေလ ၁၇ ရက်က ဝင်ရောက်ခဲ့သည့် ဆိုင်ကလုန်း မိုခါမုန်တိုင်းကြောင့် ပြင်းထန်စွာ ထိခိုက်ခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများက မေလ ၂၀ ရက်နေ့တွင် ပဏာမ ကွင်းဆင်းလေ့လာချက်များအရ အဆိုပါကျေးရွာ ၄ ရွာတွင် နေအိမ်အချို့ လုံးဝပျက်စီးခဲ့ပြီး၊ အိမ်အများအပြားမှာ ဆိုးရွားစွာ ထိခိုက်ခဲ့ကာ၊ အိမ်ထောင်စု ၆၁ စု (လူ ၂၇၀ ဦး) ခန့် အပေါ် သက်ရောက်ခဲ့သည်။

အဆိုပါပြည်သူများအနေဖြင့် ၎င်းတို့၏ဘဝပြန်လည်တည်ဆောက်ရန် တစ်ကိုယ်ရေကျန်းမာရေးနှင့် အမျိုးသမီးသုံးပစ္စည်းများအပါအဝင် မှီခိုရာနေရာ၊ စားနပ်ရိက္ခာနှင့် NFI ထောက်ပံ့မှုများလိုအပ်ပါသည်။

## ပေါင်းစပ်ညှိနှိုင်းမှု

မြန်မာနိုင်ငံ လူသားချင်းစာနာမှုအသိုင်းအဝိုင်းသည် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူ ၁.၆ သန်းကို အကူအညီပေးရန် အမေရိကန်ဒေါ်လာ ၃၃၃ သန်းလိုအပ်သည့် အရေးပေါ်ရန်ပုံငွေအဆိုပြုလွှာကို မေလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေအဆိုပြုလွှာတွင် ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်ရေးအစီအစဉ်၏ ဦးစားပေး လုပ်ငန်းများအတွက် တောင်းခံထားသည့် အမေရိကန်ဒေါ်လာ ၂၁၁ သန်းလည်းပါဝင်၍ ၎င်းကို ဘေးဒဏ်သင့်ဒေသများရှိ မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများအား ပံ့ပိုးကူညီရန် လွှဲပြောင်းအသုံးပြုသွားမည်ဖြစ်သည်။ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသူများအား ပံ့ပိုးကူညီမှု လုပ်ငန်းအသစ်များအတွက် နောက်ထပ်ဒေါ်လာ ၁၂၂ သန်းကိုလည်း တောင်းဆိုထားပါသည်။

| 3.4M | 1.1M | + | 0.5M | = | 1.6M |
|---|---|---|---|---|---|
| PEOPLE IN AFFECTED AREAS[1] | PEOPLE IN HRP 2023 | | NEW/ADDITIONAL CASELOADS | | PEOPLE TARGETED FOR HUM. ASSISTANCE |

**$333**

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ရှိ မုန်တိုင်းဒဏ် အပြင်းထန်ဆုံး ခံစားခဲ့ရသည့် ဒေသများရှိ ထိခိုက်လွယ်သူများကို ထောက်ပံ့နိုင်ရန်အတွက် ရန်ပုံငွေအမြန်ဆုံးရရှိရေးသည် အရေးကြီးပါသည်။ အလားတူအရေးကြီးသည်မှာ ကြိုတင်မှန်းဆနိုင်ပြီး အတားအဆီးကင်းသော ဝင်ရောက်ကူညီခွင့်ရရှိရေးဖြစ်ပြီး သို့မှသာ ထိခိုက်ခံရသောလူမှုအသိုင်းအဝိုင်းများသို့ အရေးကြီးအသက်ကယ်ပစ္စည်းများကို လျင်မြန်စွာ ပေးပို့နိုင်မည်ဖြစ်သည်။

**အရေးပေါ်အကူအညီတောင်းခံလွှာကို** - https://reliefweb.int/report/myanmar/myanmar-cyclone-mocha-flash-appeal-may-2023 တွင်ကြည့်ပါ။
**သတင်းထုတ်ပြန်ချက်ကို** - https://reliefweb.int/report/myanmar/333m-humanitarian-appeal-support-communities-hit-cyclone-mocha-myanmar တွင်ကြည့်ပါ။
**လူသားချင်းစာနာမှုဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး၏ မှတ်ချက်ကို -** https://myanmar.un.org/en/232817-remarks-resident-and-humanitarian-coordinator-ai-myanmar-mr-ramanathan-balakrishnan-myanmar တွင်ကြည့်ပါ။
**OCHA မြန်မာ၏ သတင်းအချက်အလက်များကို ရယူရန်အတွက် -** here ဤနေရာတွင် စာရင်းသွင်းမှု (subscribe) ပြုလုပ်ပါ။
***သတင်းအချက်အလက်များကို လူသားချင်းစာနာမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ဒေသခံရင်းမြစ်များထံမှ ရယူသည်။***

**သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဆက်သွယ်ပါ-**
**Danielle Parry,** Officer in Charge, parryd@un.org, +95 9797002713 (Phone/Signal)
**Suhad Sakalla,** Humanitarian Affairs Officer, sakalla@un.org, +95 9797007815, +972 054433 4202 (Signal/WhatsApp)
**Lesly Lotha**, Communication Specialist, lesly.lotha@un.org, +959 796139223 (Phone/Signal)
**သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဝင်ရောက်ကြည့်ရှုပါ-**
*www.unocha.org* | https://reliefweb.int/country/mmr | https://www.facebook.com/OCHAMyanmar